ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၃း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၉-၆-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အစည်းအဝေးတက်ရောက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ JICA အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃:၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှုမရှိသော သထုံအကျဉ်းထောင်အား အကြီးစား ပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ ဘဏ္ဍာငွေ လုံလောက်မှုရှိပါက သထုံမြို့နယ်၊ ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ(၂၅.၁၇)ဧကတွင် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှုမရှိသော သထုံအကျဉ်းထောင်အား အကြီးစား

ပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ ဘဏ္ဍာငွေလုံလောက်မှုရှိပါက သထုံမြို့နယ်၊ ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ (၂၅.၁၇)ဧကတွင် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသောမေးခွန်းမှာ အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှုမရှိသော သထုံအကျဉ်းထောင်အား အကြီးစား ပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ ဘဏ္ဍာငွေ လုံလောက်မှုရှိပါက သထုံမြို့နယ်၊ ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ(၂၅.၁၇)ဧကတွင် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သိရှိလိုသောမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံအကျဉ်းထောင်သည် မွန်ပြည်နယ်၊ သထုံမြို့၊ ရုံးကြီးလမ်း၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အနောက်ဘက်တွင်တည်ရှိပြီး စုစုပေါင်းမြေဧရိယာ၊ ဝန်ထမ်း အိမ်ရာအပါအဝင် (၄.၃၇၄)ဧကသော ကျယ်ဝန်းပါတယ်။ အကျဉ်းထောင်သည် ၁၈၈၉ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း (၁၂၉)နှစ်ရှိခဲ့ပြီဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်တွင် အကျဉ်းထောင် အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လွှဲပြောင်းလက်ခံယူခဲ့ပါတယ်။ ယခုအခါ (ခ)အဆင့် အကျဉ်းထောင် အဖြစ်သတ်မှတ်၍ ထောင်ဒဏ်(၁၀)နှစ်နှင့် အောက်အကျဉ်းသားများကို လက်ခံထိန်းသိမ်းထားရှိ ပါတယ်။ အမျိုးသမီးအကျဉ်းသူမရှိကြောင်း သိရှိရပါတယ်။ သထုံအကျဉ်းထောင်တွင် အိပ်ဆောင် (၅)ဆောင်ရှိ၍ အိပ်ဆောင်(၁)ဆောင်လျှင် (၁၅x၃၀)ပေသော ကျယ်ဝန်းပြီး အကျဉ်းသား (၈၅)ဦး ထားရှိပါ သဖြင့် အရမ်းကျဉ်းမြောင်းနေကြောင်းတွေ့ရှိရပါတယ်။ အခန်းငယ်(၂)ခန်းရှိ၍ အကျဉ်းသား(၇)ဦးစီ ထားရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ အကျဉ်းသားများ၏ သုံးစွဲရမည့် စားစရိတ်ခွင့်ပြုငွေသည် (၁)ရက် (၆၀၀)ကျပ်နှုန်းသာရှိ၍ နည်းပါးကြောင်းတွေ့ရှိရပါတယ်။ သောက်သုံးရေရရှိမှုနှင့် ပတ်သက်၍ ရေသန့်စက်ထားရှိသော်လည်း သုံးစွဲသည့်ရေသည် နွေရာသီတွင်လုံလောက်မှုမရှိကြောင်း တွေ့ရှိရ ပါတယ်။ ထောင်အတွင်းရှိ အခန်းများမှာ ကျဉ်းသဖြင့် အကျဉ်းထောင်အတွင်းရှိ ရေချိုးခန်းနှင့် အိမ်သာ များမှာ အကျဉ်းသားဦးရေနှင့် အချိုးညီမျှမှုမရှိကြောင်း တွေ့ရှိရပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုတွင် အကျဉ်းထောင်တစ်ခုလုံးအတွက် ကျန်းမာရေးမှူး(၁)ဦး ထားရှိပြီး မျက်မြင်မေးမြန်းချက်များအရ နိုင်ငံတော်မှ တိုက်ရိုက် ဆေးဝါးထောက်ပံ့မှုမရှိပါကြောင်း လိုအပ်သောဆေးဝါးများအား ထောင်ပိုင်သို့ တင်ပြတောင်းခံ၍ ဘုတ်အဖွဲ့ခွင့်ပြုချက်ဖြင့် ဝယ်ယူသုံးစွဲ နေရပါကြောင်းနှင့် ဆရာဝန်လိုအပ်ချက်များလည်းရှိကြောင်း တွေ့ရှိရပါတယ်။ အရေးပေါ် အကျဉ်းသား လူနာများကို လိုအပ်လာလျှင် သထုံခရိုင်၊ ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသရကြောင်းတွေ့ရှိရ

ပါတယ်။ အကျဉ်းထောင်ဧရိယာ ကျဉ်းမြောင်းပြီး အကျဉ်းသားဦးရေများပြားသဖြင့် နေထိုင်ရေးနှင့် ကျန်းမာရေး(ကူးစက်ရောဂါများ)ဖြစ်ပေါ်လာလျှင် အခက်အခဲများနှင့် ကြုံတွေ့နိုင်ကြောင်း တွေ့ရှိရပါတယ်။

ရေစီးရေလာကောင်းမွန်မှုမရှိခြင်း၊ လူနေရပ်ကွက်နှင့် အလွန်နီးကပ်ခြင်းတို့ကြောင့် သထုံအကျဉ်းထောင်မှ နေ့စဉ်ထွက်ရှိသော စွန့်ပစ်ပစ္စည်းများမှာလည်း အနီးအနားရှိရပ်ကွက်များသို့ ဆိုးရွားသောအနံ့များဖြင့် ရင်ဆိုင်နေရကြောင်း ပတ်ဝန်းကျင်နေပြည်သူများ၏ တင်ပြချက်များအရ သိရှိရပါတယ်။ နေရာအခက်အခဲကြောင့် အကျဉ်းထောင်ဝန်ထမ်းများ၏ လိုင်းခန်းအချို့မှာ နေထိုင်၍ မရအောင်ပျက်စီးနေခြင်း၊ ရေ၊ မီး လုံလောက်မှုမရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းတို့ကြောင့် အကျဉ်းထောင်ဝန်ထမ်းမိသားစုအတွက် ဆောက်လုပ်ပေးထားသော ဝန်ထမ်းအိမ်ရာများကိုလည်း ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင် တည်ဆောက်သင့်ကြောင်း တွေ့ရှိရပါတယ်။ သထုံ-ဘားအံ လမ်းမပေါ်တွင်တည်ရှိပြီး သထုံမြို့နှင့် (၂)မိုင်ခန့်သာကွာဝေးသော ဈေးမသွယ်ကျေးရွာတွင် အကျဉ်းဦးစီးဌာနပိုင်မြေ (၂၅.၁၇)ဧက ရှိကြောင်းသိရှိရပြီး ထိုနေရာသည် အမှတ်(၆ဝ၆) အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် အမှတ်(၁၁၈) ခြေလျင်တပ်ရင်းတို့နှင့် ကပ်လျက်တည်ရှိသည့်အတွက် လုံခြုံရေးအားဖြင့်လည်း အထူးစိတ်ချရခြင်း၊ သထုံ - ဘားအံ အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် အကယ်၍ ဘဏ္ဍာငွေလုံလောက်မှုရှိပါက သထုံအကျဉ်းထောင်အား အသစ်ရွှေ့ပြောင်းဆောက်လုပ်ပေးပါရန် မဲဆန္ဒရှင်များက တင်ပြလာသဖြင့် ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၁၆။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သထုံအကျဉ်းထောင်ကို ၁၈၈၉ ခုနှစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရုံးကြီးရပ်ကွက်၌ စတင်တည်ဆောက်ခဲ့ပြီး မြေဧရိယာ (၄.၃၇၄)ဧက ကျယ်ဝန်းပါတယ်။ သထုံအကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများထားရှိရန် အိပ်ဆောင်(၁)ဆောင်ရှိပြီး အဆိုပါ အိပ်ဆောင်အတွင်းတွင် (၁၅ x ၂၁)ပေ အကျယ်ရှိ အခန်း(၅)ခန်း ရှိပါတယ်။ ထို့အပြင် သီးခြားခွဲထားရန်လိုအပ်တဲ့ အကျဉ်းသား၊ အချုပ်သား

များအတွက် (၇ x ၁၂)ပေအကျယ် အခန်း(၂)ခန်း ရှိပါတယ်။ သထုံအကျဉ်းထောင်အား (ခ)အဆင့် အကျဉ်းထောင်အဖြစ် သတ်မှတ်ထားပြီး လက်ခံရမည့် အကျဉ်းသား၊ အချုပ်သားဦးရေမှာ (၅၀၀) သတ်မှတ်ထားသော်လည်း လက်ရှိတွင် အကျဉ်းသား၊ အချုပ်သားဦးရေမှာ (၅၃၉)ဦး ရှိပါတယ်။ ထိုသို့ သတ်မှတ်ထားသော အကျဉ်းသား၊ အချုပ်သားဦးရေထက် ပိုမိုနေသဖြင့် (၁၃ x ၄၀)ပေ အဆောင်ငယ် တစ်လုံးနှင့် အကျဉ်းထောင် အိပ်ဆောင်ရှိ အခန်း(၅)ခန်းကို ထပ်ခိုးပြုလုပ်၍ လူဦးရေကြပ်တည်းမှု မရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ သထုံအကျဉ်းထောင် လက်ရှိအိပ်ဆောင်ကို နှစ်ထပ်ဆောင် အဖြစ် ပြောင်းလဲဆောက်လုပ်မည်ဆိုပါက လက်ရှိတွင်လည်း ထပ်ခိုးပြုလုပ်ထားရှိပြီးဖြစ်သည့်အပြင် အကျဉ်းသားများကို ခေတ္တပြောင်းရွှေ့ထားရှိရန် နေရာမရှိခြင်းတို့ကြောင့် အကြီးစားပြင်ဆင်မှုပြုလုပ်ရန် မဖြစ်နိုင်ပါကြောင်း အိပ်ဆောင်အသစ် ဆောက်လုပ်ရန်အတွက် မြေနေရာမရှိပါကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

သို့ပါ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် ဝေးကွာမှုမရှိခြင်း၊ လုံခြုံရေးကောင်းမွန်ခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ရန် မြို့နှင့်ဝေးကွာမှုမရှိခြင်း၊ ရေနှင့်လျှပ်စစ်မီးအဆင်ပြေခြင်း စတဲ့အချက်များနှင့် ပြည့်စုံတဲ့ သထုံမြို့နယ်၊ ဈေးမသွယ်ကျေးရွာ၊ ကွင်းအမှတ် (၆၇၂) (က)(ခ)တွင်ရှိတဲ့ အကျဉ်းဦးစီးဌာနပိုင် မြေဧရိယာ (၂၅.၁၇)ဧကေ၌ အကျဉ်းထောင်အသစ် ဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ မြေဧရိယာ (၂၅.၁၇)ဧကအား အကျဉ်းဦးစီးဌာနပိုင် မြေအမည်ပေါက်ရရှိရေးနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အကျဉ်းထောင်အသစ်ဆောက်လုပ်ရန် လုပ်ငန်း(၆)ခုအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်(၁၃၅၁.၇၆၁)သန်း တောင်းခံထားရှိပြီးဖြစ်ပါတယ်။ အကျဉ်းသား(၁)ဦး (၁)ရက် စားစရိတ် (၆၀၀)ကျပ်နှုန်း နည်းပါးနေတဲ့အတွက် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အချုပ်သား (၁)ဦးလျှင် (၁)ရက် (၉၇၅)ကျပ် နှုန်းဖြင့်လည်းကောင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်း၊ ကုန်ထုတ်စခန်းများမှာရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူ (၁)ဦးလျှင် (၁)ရက် (၁၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း (၁)ရက် စားစရိတ်နှုန်းများကို တိုးမြှင့်ရရှိရေးဆောင်ရွက်ခဲ့ရာမှာ ၁၀ - ၈ - ၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၇)တွင် ခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ၁ - ၁ - ၂၀၁၈ ရက်မှစ၍ တိုးမြှင့်ဈေးနှုန်းအတိုင်း ကျွေးမွေးလျက်ရှိပါတယ်။

သထုံအကျဉ်းထောင်တွင် ရေသန့်စက်နှင့် စားဖိုကြီး အသုံးပြုရန်အတွက် (၁၀)ပေအကျယ် ရေတွင်း (၁)တွင်း သီးသန့်ရှိသဖြင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှုရှိပါတယ်။ ထို့အပြင် အကျဉ်းသား၊ အချုပ်သားများ ချိုးရေအတွက် (၄)လက်မ အဝီစိတွင်း(၁)တွင်း၊ (၈)ပေအကျယ် ရေတွင်း (၁)တွင်းနှင့် စည်ပင်သာယာရေး၊ စည်ပင်သာယာ ရေပေးဝေရေးလုပ်ငန်းမှ ပေးပို့တဲ့ (၁)လက်မ ပိုက်လိုင်းရှိပါသဖြင့် ချိုးရေလုံလောက်မှုရှိပါတယ်။ သထုံအကျဉ်းထောင်တွင် ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးမှူး(၁)ဦးထားရှိပြီး ဆေးဝါးကုသရန် ဆေးဝါးများကို ကန့်သတ်ထားခြင်းမရှိဘဲ လိုအပ်သလောက် သုံးစွဲခွင့်ပြုထားပါတယ်။ သာမန်ရောဂါများကို အကျဉ်းထောင်၌ ကျန်းမာရေးမှူးက ကုသပေးပြီး ပြင်ပဆေးရုံသို့ တင်ပို့ရမည့်လူနာများကို သထုံပြည်သူ့ဆေးရုံသို့ တင်ပို့

ကုသပေးလျက်ရှိပါတယ်။ ထို့အပြင် သထုံပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်များ အလှည့်ကျ လာရောက်ကုသခြင်း၊ လိုအပ်ပါက အထူးကုဆရာဝန်ကြီးများကို အကျဉ်းထောင်သို့ ခေါ်ယူ၍ ကုသစေခြင်းနှင့် အရေးကြီးလူနာများကို အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မော်လမြိုင်အကျဉ်းထောင်သို့ ပြောင်းရွှေ့ ဆေးဝါးကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကူးစက်ရောဂါ မဖြစ်ပွားစေရေး အတွက် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တီဘီရောဂါ တိုက်ဖျက်ရေးနှင့် ခုခံအားကျ ကာလသား ရောဂါတိုက်ဖျက်ရေး အဖွဲ့အစည်းများမှလည်း ရွေ့လျားဆေးကုသရေးအဖွဲ့၊ Mobile Team များဖြင့် ကုသဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် အကျဉ်းသားများ၊ အချုပ်သားများ ယားနာရောဂါ မဖြစ်ပွားစေရေးအတွက် တစ်နေ့လျှင် ရေ(၂)ကြိမ်ချိုးစေခြင်းနှင့် အဝတ်အစား၊ အိပ်ရာများကို အပတ်စဉ် နေလှန်းစေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သထုံအကျဉ်းထောင်မှ နေ့စဉ်ထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းများမှာ အနီးရှိရပ်ကွက်များသို့ ဆိုးဝါးသော အနံ့များရရှိခြင်းနှင့်စပ်လျဉ်း၍ ယခင်က မိလ္လာစနစ်က ပြင်ပသို့ ထုတ်၊ မြှုပ်နှံရန်စနစ်ဖြစ်ပြီး ယခုအခါ စက်သစ်တပ်ခြင်း၊ ရေလောင်းအိမ်သာစနစ်ကို ပြောင်းလဲကျင့်သုံး နေပြီဖြစ်ပါသဖြင့် ဆိုးရွားသောအနံ့ မထွက်တော့ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးရန် အစီအစဉ်မရှိပါကြောင်း အကျဉ်းထောင်အသစ် ဆောက်လုပ်နိုင်ရေးအတွက် သထုံမြို့နှင့် ဈေးမသွယ်ကျေးရွာရှိ မြေဧရိယာ (၂၅.၁၇)ဧကအား ဌာနပိုင်အမည်ပေါက်ရရှိရေးနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံထားပြီးဖြစ်ပါကြောင်း လက်ရှိ သထုံအကျဉ်းထောင်အား အချုပ်ထောင်အဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထာအိုကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထာအိုကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၂။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း လေးစားစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ထန်တလန်မြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ထန်တလန်မြို့နယ်၊ ထာအိုကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ ထာအိုကျေးရွာဟာ အိမ်ခြေ(၁၇၀) လူဦးရေ (၉၀၃)ဦးရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ အခြေခံပညာ အလယ်တန်းကျောင်း(၂)ကျောင်းနှင့် မူလတန်းကျောင်း (၁)ကျောင်းရှိပါတယ်။ ၁၉၆၉ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ထာအိုကျေးရွာဟာ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကြီးမှ (၃၅)မိုင် ဆလဲင်းကျေးလက်ကျန်းမာရေး ဌာနမှ (၃၄)မိုင်၊ သီကီရ်တိုက်နယ်ဆေးရုံမှ (၂၄)မိုင်၊ လုံလဲရ်တိုက်နယ်ဆေးရုံမှ (၆၉)မိုင်၊ ဟားခါးမြို့တော် အထူးကုဆေးရုံမှ (၅၈)မိုင်ဝေးကွာပြီး အလှမ်းဝေးကွာတဲ့အတွက် အရေးပေါ်လူနာများ၊ အရေးပေါ် မွေးမိခင်များအတွက် လမ်းပန်းဆက်သွယ်ရေး ဝေးကွာမှုကြောင့် အချိန်မီပြုစုကုသရန် အခက်အခဲများ ရှိသောကြောင့် ကုသခံယူမှုနှောင့်နှေးလျက် မိခင်နှင့်ကလေးများ သေဆုံးမှုရှိတာကို ဆရာဝန်ကြီးရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

ဒါ့အပြင် တောနေဆင်းရဲသား လူနာများအတွက် အချိန်မီ ဆေးဝါးကုသမှုခံယူရန် အင်မတန် အခက်အခဲရှိပါတယ်။ ထာအိုကျေးရွာဟာ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံနယ်စပ် ကုန်သွယ်ရေးလမ်းမပေါ် တည်ရှိပြီး ယခုအခါ နိုင်ငံတော်အစိုးရမှ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်းတစ်ခု၊ တပ်မတော်စခန်းတစ်ခုများပါ ဖွင့်လှစ်ရန် သတ်မှတ်ထားသောကျေးရွာဖြစ်၍ လုံခြုံရေး အခြေအနေကောင်းသောကျေးရွာ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်လမ်းမပေါ်တွင် တည်ရှိတဲ့အတွက် လူဝင်၊ လူထွက်များပြားသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ ထာအိုကျေးရွာအား ကျေးလက်ကျန်းမာရေး ဌာနအဆင့်သို့ တိုးမြှင့်ပေးပါက လွှမ်းခြုံနိုင်သောကျေးရွာမှာ (၁) ထာအို၊ (၂) ဟရိန်းခန်း၊ (၃) ဘုန်တလန်၊ (၄) မွှန်ဟာလ့်၊ (၅) ဘနော့တလန်၊ (၆) ရှာလမ်း စတဲ့ ကျေးရွာပေါင်း(၆)ရွာ အိမ်ခြေပေါင်း(၅၆၄)အိမ်၊

လူဦးရေပေါင်း (၃၀၃၅)ဦးအပြင် အလယ်တန်းကျောင်း(၃)ကျောင်း၊ မူလတန်းကျောင်း(၆)ကျောင်းတို့မှ ကျောင်းသူ၊ ကျောင်းသားပေါင်း (၆၀၀)ကျော်တို့၏ ကျန်းမာရေးဘ၀ ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်တဲ့အပြင် ၎င်းဒေသရှိ ကျေးလက်နေ ဆင်းရဲသားပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို အနီးကပ် မြှင့်တင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ထာအိုကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးနိုင်ရေးအတွက် ထန်တလန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၏ ၂၃-၁-၂၀၁၇ ခုနှစ် ရက်စွဲပါ စာအမှတ် စီမံ/မြဲ(၈၆)/၂၀၁၇ ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၆-၃-၂၀၁၈ ရက်စွဲပါ စာအမှတ် ပခ/ချင်းလွှတ်တော်(၁၈၉၅)တို့ဖြင့် ဗဟိုသို့တင်ပြထားကြောင်း သိရှိရပါတယ်။

သို့ဖြစ်၍ မြေပြင်ပကတိအခြေအနေအရ ကျေးလက်ကျန်းမာရေးဌာနဟာ ဤဒေသတွင်မရှိမဖြစ် အထူးလိုအပ်လှတဲ့အတွက် ထန်တလန်မြို့နယ်၊ ထာအိုကျေးရွာ၊ ကျေးလက်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အလေးအနက်စဉ်းစားပေးရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများအနက် အရိုးအထူးကု ဆရာဝန်တစ်ဦးနှင့် သားဖွားမီးယပ်ဆရာဝန်တစ်ဦးတို့ကို ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် က ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများအနက် အရိုးအထူးကုဆရာဝန်တစ်ဦးနှင့် သားဖွားမီးယပ်ဆရာဝန်တစ်ဦးတို့ကို ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) က ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသရဲ့ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်တဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မေးခွန်းတစ်ရပ်ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းအပြည့်အစုံကတော့ ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများအားလုံးအနက် အရိုးအထူးကုဆရာဝန်တစ်ဦးနှင့် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်တစ်ဦးတို့ကို ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ အထူးအားဖြင့်

ဒေသလိုအပ်ချက်အရ ဆေးပညာအထူးကုဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်ရဲ့မွေးရပ်ဇာတိ၊ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေ ဖာပွန်မြို့ကလေးနဲ့ မိတ်ဆက်ပေးပါရစေ။ ဖာပွန်မြို့ဟာ ကရင်ပြည်နယ်ရဲ့ အရှေ့မြောက်ဘက်အစွန်ဆုံး တောတောင်တွေဝန်းရံနေပြီး အနီးဆုံးမြို့ ဖြစ်တဲ့ ဘားအံမြို့နဲ့ပင် မိုင်(၁၀၀)ကျော်ကွာဝေးတဲ့ မော်တော်ကားလမ်းဆုံး မြို့လေးတစ်မြို့ဖြစ်ပါတယ်။ နှစ်ပေါင်း(၆၀)ကျော် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့လို့ ဒေသရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အခြေအနေတွေဟာ နိမ့်ကျ၊ နောက်ကျ ကျန်ရစ်လျက်ရှိနေပါတယ်။ ဧရိယာအားဖြင့် (၂၅၉၅.၉၇) စတုရန်းမိုင်ကျယ်ဝန်းပြီး မြို့နယ်အတွင်းမှာမြို့(၂)မြို့၊ ရပ်ကွက်(၈)ခု၊ ကျေးရွာအုပ်စု(၃၃)ခုနှင့် ကျေးရွာပေါင်း(၃၀၅)ရွာ၊ လူဦးရေတစ်သိန်းကျော် စုပေါင်းနေထိုင်လျက် ရှိနေကြပါတယ်။ ၂၀၁၂ ခုနှစ် ရောက်မှ ကရင်ပြည်နယ်မှာသန်းလာတဲ့ ငြိမ်းချမ်းရေးရောင်နီနဲ့အတူ ဖာပွန်မြို့နယ်အတွင်းမှာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကန့်အသတ်နှင့် စတင်လုပ်ကိုင်ခွင့် ရရှိလာခဲ့ပါတယ်။ ဒေသခံ ပြည်သူတွေဟာ ယနေ့တိုင် ကန့်သတ်ချုပ်ချယ်မှုကြားထဲကနေ လှုပ်ရှားရုန်းကန် ရှင်သန်နေကြရဆဲ ဖြစ်ပါတယ်။ ဒီလို ဝိသေသထူးတဲ့ နယ်မြေဒေသဖြစ်လို့ တစ်မြို့နယ်ထဲနဲ့ ခရိုင်အဆင့် ပေးထားတဲ့ အထူးခရိုင်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၅)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၀)ခုတို့ ရှိပါတယ်။ မြို့နယ်ရဲ့အကျယ်အဝန်း၊ မြို့နယ်လူဦးရေတို့အရ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်မှုဟာ လက်ရှိအခြေအနေမှာ အားနည်း နေသေးတယ်လို့ ဆိုနိုင်ပါတယ်။ ၈-၅-၂၀၁၈ ရက်နေ့စာရင်းအရ ဖာပွန်မြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင် ပြည်သူ့ဆေးရုံကြီးမှာ ခွင့်ပြုဝန်ထမ်းအင်အား(၂၀၁)ဦးအနက် (၆၇)ဦးသာ ခန့်ထားနိုင်ပြီး တွဲဖက် အင်အားအနေနဲ့ (၄)ဦးရှိပါတယ်။ ဆရာဝန်အင်အားအနေနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး၊ လက်ထောက်ဆရာဝန်(၂)ဦးသာ ရှိပါတယ်။ လက်ထောက်ဆရာဝန်အရိုး (၁)ဦးကတော့ ၂-၁-၂၀၁၈ ရက်နေ့က တခြားမြို့နယ်ကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ မိရိုးဖလာတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းနဲ့သာ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ဒေသခံပြည်သူအများစုဟာ မြို့ကြီး၊ ပြကြီးက ဆေးရုံ၊ ဆေးခန်း တွေဆီကို လက်လှမ်းမမီကြပါဘူး။ ဒေသမှာအဖြစ်များတဲ့ ရောဂါတွေကတော့ ငှက်ဖျားရောဂါ၊ ဝမ်းပျက်၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောဂါတို့ဖြစ်ကြပြီး မော်တော်ဆိုင်ကယ် Accident ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူတွေ မကြာခဏပေါ်ပေါက်လျက်ရှိနေပါတယ်။ ခြေလျင်လမ်းသာရှိတဲ့ တောင်ပေါ်ကျေးရွာ တွေက တိုင်းရင်းသူမွေးလူနာတွေဟာ မိရိုးဖလာလက်သည်တွေကိုပဲ အဓိကအားကိုး နေကြပါတယ်။ မရှုနိုင်၊ မကယ်နိုင် အခြေအနေရောက်မှ အထမ်းသမားတွေနဲ့ ဆေးရုံဆီရောက်လာ တတ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်မြို့ပေါ်မှာ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်ကနေ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်နဲ့ ခန့်ညားထည်ဝါလှတဲ့ ဆေးရုံအဆောက်အအုံအသစ်ကြီး ရရှိလာလို့ ဒေသခံပြည်သူတွေရဲ့ရင်ထဲ ဒီတစ်ခါမှာတော့ ကံကြမ္မာက တို့ကိုမျက်နှာသာပေးပြီဆိုပြီး ဝမ်းမြောက်

ဝမ်းသာဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ယနေ့တိုင် အထူးကုဆရာဝန်တစ်ဦးမှ မရှိသေးလို့ နိုင်ငံတော်မှ တစ်ဦးတစ်လေများ ခန့်ထားပေးနိုင်ကောင်းရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့ လွှတ်တော်မှာမေးခွန်းမေးပေးဖို့ ကျွန်တော့်ကို တင်ပြတောင်းဆိုလာကြပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူတို့၏ ဆန္ဒနှင့်အညီ အထက်ပါမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ခုတင်(၅၀)ဆေးရုံတွင် အရိုးအကြော ဆရာဝန်၊ ခွဲစိတ် ဆရာဝန်နှင့် လိုအပ်လျက်ရှိသော ဆရာဝန်များ ပေးပို့နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ခုတင်(၅၀)ဆေးရုံတွင် အရိုးအကြော ဆရာဝန်၊ ခွဲစိတ် ဆရာဝန်နှင့် လိုအပ်လျက်ရှိသော ဆရာဝန်များ ပေးပို့နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်အမှတ်(၂)မှာဆိုရင် ရေနံချောင်းနဲ့ ချောက်ဆိုပြီးတော့ မြို့နယ်(၂)မြို့နယ် ကိုယ်စားပြုပါတယ်။ ဒီ(၂)မြို့နယ်လုံးမှာလည်း ဒီပြဿနာ ရှိနေတာပါပဲ။ သို့သော် ဒီတစ်ခါတော့ ကျွန်တော် ဒီတစ်မြို့နယ်စာပဲ မေးသွားပါအုံးမယ်။ ဒီနေ့အခြေအနေဟာ ဝန်ကြီးဌာနမှာ လည်း အခုမှစုပုံရှင်းနေရတဲ့အတွက် ပြဿနာရှိတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ဝန်ကြီးဌာနဝန်ကြီးတို့ ပြဿနာရှိနေသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း ပြဿနာရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့က ပြည်သူကနေတင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ် တွေဖြစ်တဲ့အတွက် ဒီနေ့ ကျွန်တော် မေးနေတဲ့အချိန်မှာလည်း ပြည်သူတွေကကြည့်နေပါတယ်။ ငါတို့ ကိုယ်စားလှယ်တွေက ငါတို့ကိုကိုယ်စားပြုသလား။ ကိုယ်စားပြုနေသလား။ ဒါလည်း ကျွန်တော်တို့ အခက်အခဲကြားက၊ နှစ်ဦးနှစ်ဖက် အခက်အခဲကြားကနေ ကျွန်တော် ဒီမေးခွန်းကို မေးရတာဖြစ် ပါတယ်။

ကျွန်တော်တို့ ရေနံချောင်းမြို့နယ်ဟာဆိုလို့ရှိရင် လူဦးရေကတစ်သိန်းကျော် ရှိပါတယ်။ ဒီ လူဦးရေတစ်သိန်းကျော် အခုမှရှိခဲ့တာမဟုတ်ပါဘူး။ ယခင်ကလည်း လူဦးရေဒီလိုပဲရှိခဲ့တာ။ ဒီနေ့ အခြေအနေမှာကျတော့ ဒီလူဦးရေတစ်သိန်းကျော်မှာ မကွေးက တိုင်းမြို့ဆိုတဲ့အချိန်ကျတော့ တိုင်းမြို့မှာ သင်ကြားရေးဆေးရုံတွေရှိတယ်။ တိုင်းဆေးရုံကြီးရှိတယ်။ ဒီလိုဆေးရုံကြီးရှိတဲ့ အချိန်ကျတော့

ကျွန်တော်တို့ တိုင်းကိုရုံနေတဲ့မြို့နယ်တွေက တော်တော်ကိုပဲ ကျွန်တော်တို့ အားနည်းသွားရပါတယ်။ ကျွန်တော်တို့ ရေနံချောင်းမြို့နယ်ဟာဆိုရင် နဂိုတုန်းကခရိုင်အဆင့်ဆရာဝန်ကြီး ထိုင်ခဲ့တဲ့ ဆေးရုံတစ်ရုံ ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရလက်ထက်ကအတိုင်း ကျွန်တော်တို့က ခုတင်(၅၀) ဆေးရုံကြီးပါ။ သို့သော် ဒီနေ့အခြေအနေမှာကြတော့ တိုင်းဆေးရုံနဲ့ တိုင်းသင်ကြားရေးဆေးရုံကြီးတွေ ရှိသွားပြီဆိုတဲ့အချိန်ကြတော့ ဒီဆေးရုံတွေ၊ ပြည်သူတွေ သွားကုလို့ရတယ်။ သို့သော် ကျွန်တော်တို့ ပြည်သူတွေမှာကြတော့ ဝန်ဆောင်မှုစရိတ်နဲ့ မတတ်နိုင်ပါဘူး။ ဒါကြောင့်လည်း ကျွန်တော် ဒီမေးခွန်းကို မေးလိုက်ရတာ ဖြစ်ပါတယ်ခင်ဗျား။

ဖွဲ့စည်းပုံအရပြောမယ်ဆိုရင်လည်း ကျွန်တော်တို့က ဝန်ကြီးလည်းသိပြီးသားပါ။ ကျွန်တော်တို့ ဆေးရုံအုပ်ကြီးတစ်ယောက်နဲ့ လက်ထောက်ဆရာဝန်တစ်ယောက်ပဲ ရှိပါတယ်။ လက်ထောက်ဆရာဝန်ကလည်း ဒီနေ့ (M.Sc) သွားတက်နေတယ်။ (M.Sc) သွားတက်နေတော့ ဘေးက အပြင်ဆရာဝန်လေး တစ်ယောက်နဲ့ နှစ်ယောက်ပဲရှိတယ်။ တိုက်နယ်ဆေးရုံတွေမှာလည်း ကျွန်တော်တို့က ဆရာဝန် တစ်ယောက်မှမရှိပါဘူး။ ဆေးရုံတွေမှာလည်း ဒီလိုအခြေအနေဆိုတဲ့အချိန်ကျတော့ ကျွန်တော်တို့က ဒါကြောင့်လည်း ကျွန်တော် ဝန်ကြီးကို ဒီဟာကို ကျွန်တော်တို့က ဖြစ်နိုင်မလားဆိုပြီးတော့ ကျွန်တော်က အရိုးအထူးကုဆရာဝန်နဲ့ ကျွန်တော် ခွဲစိတ်ဆရာဝန် တောင်းတာပါ။ ဘာလို့ အရိုးအထူးကုဆရာဝန်နဲ့ ခွဲစိတ်ဆရာဝန် တောင်းရလဲဆိုရင် တောရောမြို့ပါမကျန် လမ်းပန်းဆက်သွယ်ရေးမှာ ဆိုင်ကယ်နဲ့ သွားကုန်ပြီ။ တော်ကြာတိုးလိုက်၊ တော်ကြာတိုက်လိုက်၊ ဒါကတော့ တိုးတယ်၊ တိုက်တယ်၊ ကျိုးတယ်၊ ပဲ့တယ်ဆိုတာတော့ ဒါဖြစ်နေတာပဲ။ ဒါ အကျိုးအပဲ့တွေ မကွေး သွားကုနေရင်လည်း ကျွန်တော်တို့က ထမင်းစားဖို့ထက် သွားဖို့ကိုခက်နေတယ်။ ထမင်းစားဖို့လည်း လိုနေသလို သွားဖို့လည်းခက်နေတယ်။ မကွေးသွားရင်တော့ရတယ်။ သို့သော် ကျွန်တော်တို့မှာ ဝန်ဆောင်မှုအတွက် တော်တော်ကို ခက်နေပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးခင်ဗျား။ ဒီလစ်လပ်နေတဲ့ဟာတွေလည်း ဝန်ကြီးလည်း ဌာနဆိုင်ရာ တင်ပြပြီးတဲ့အတွက် သိပြီးဖြစ်မှာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်က အရိုးအထူးကုဆရာဝန်နဲ့ ခွဲစိတ် ဆရာဝန် --------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ မေးခွန်းမေးတယ်ဆို ဝန်ကြီးကို တိုက်ရိုက်မေးလို့ ပြောလို့မရပါဘူး။ လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် ပြောရမှာပါ။

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော် ဟိုဘက် လှည့်မိလို့ပါ။ တောင်းပန်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် မေးမြန်းလိုပါတယ်ခင်ဗျား။ ရေနံချောင်းမြို့နယ်မှာလိုအပ်နေတဲ့ အရိုးအထူးကုဆရာဝန်၊ ခွဲစိတ်ဆရာဝန်နဲ့ လိုအပ်တဲ့ဆရာဝန်များ ဖြည့်ဆည်းပေးနိုင်မလားဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၃၅။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကျန်းမာ၊ ချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ရဲ့ မေးခွန်းဖြစ်တဲ့ ထန်တလန်မြို့နယ်၊ ထာအိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်၊ ထန်တလန်မြို့မှာ ပြန်ကြည့်တဲ့အခါမှာ တိုက်နယ်ကျန်းမာရေးဌာန(၃)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၆)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၆)ခု ရှိပါတယ်။ ပြည်သူ့ကျန်းမာရေး (Public Health)အပိုင်းမှာတော့ လက်ထောက်ကျန်းမာရေးမှူး(၇)ဦး၊ မြို့နယ်သူနာပြုအဆင့်(၁)ဦး၊ ကျန်းမာရေးမှူးကြီးကြပ်-၁(၂)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၇)ဦး၊ သူနာပြုသားဖွားဆရာမ(၃၈)ဦး၊ ကျန်းမာရေးကြီးကြပ်-၂(၄၇)ဦးနှင့် စုစုပေါင်းလူဦးရေ(၅၀၀၀)ကျော်ကို ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမှာမြေပုံကို ပြန်ကြည့်လိုက်တဲ့အခါကျတော့ အခုလောလောဆယ် ထာအိုမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါတယ်။ ဒီဌာန(ခွဲ)သည် သူ့ရဲ့မြောက်ဘက်မှာရှိတဲ့ လုံလဲရ်တိုက်နယ်ဆေးရုံနဲ့ဆိုလို့ရှိရင် (၆၉)မိုင်၊ သူ့ရဲ့အရှေ့ဘက်မှာ ရှိတဲ့ထန်တလန်မြို့နယ်နဲ့ဆိုရင် (၃၆)မိုင်၊ သူ့ရဲ့အရှေ့တောင်ထောင့်မှာ ရှိတဲ့ ဟားခါးဆေးရုံကြီးနဲ့ဆိုရင် (၆၈)မိုင်၊ သူ့ရဲ့တောင်ဘက်မှာရှိတဲ့ ဆလဲင်းကျေးလက်ကျန်းမာရေးဌာနနဲ့ဆိုရင် (၃၄)မိုင်ဝေးပါတယ်။ သွားရေးလာရေးကလည်း တော်တော်ခက်ပါတယ်။ ဒီမှာရှိတဲ့ လူများကလည်း ဆင်းရဲပါတယ်။

သို့သော်လည်း ဒီထာအိုဟာ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး မြို့ပေါ်မှာလည်းရှိတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အကုန်လုံးကိုစဉ်းစားတဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာနကို ပေးမယ်ဆိုရင် (၅)ချက်ရှိပါတယ်။ (၅)ချက်မှာ အဓိကအချက်(၂)ချက်နဲ့တော့ မညီပါဘူး။ သို့သော်လည်း လူမှုရေးအရလည်းကောင်း၊ လူတွေကဆင်းရဲတဲ့အတွက်လည်းကောင်း၊ နောက်တစ်ခါလမ်းပန်းဆက်သွယ်ရေးကအလွန်ခက်ခဲတဲ့အတွက် နောက်ကျွန်တော်တို့ ချင်းပြည်နယ်ဦးစီးမှူးနဲ့လည်း တိုင်ပင်ပါတယ်။ တိုင်ပင်တဲ့အခါမှာ ဒီဟာကိုပေးသင့်တယ်လို့ ကျွန်တော်တို့ နဂိုကတည်းကပြောပြီးသားပါ။ ပြောပြီးသားဖြစ်တဲ့အတွက် ဒီလိုအဆင့်တိုးဖို့အတွက်ကို ကျွန်တော်တို့အနေနဲ့က ဒီစာအမှတ်ပေါ့။ ဧပြီလ ၉ ရက်နေ့က ကျွန်တော်တို့ စာအမှတ် ၅မခ(ဃ)၂၀၁၈/၅၇၉၀ ဖြင့် ကျွန်တော်တို့က ဖွဲ့စည်းပုံ

စိစစ်ရေးအဖွဲ့ကို တင်ပြထားပြီး ဖြစ်ပါတယ်။ သူတို့ကထောက်ခံပြီး ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က အစိုးရအဖွဲ့ရုံးကိုတင်ပြီးတော့ အစိုးရအဖွဲ့ Cabinet အစည်းအဝေးမှာ ကျွန်တော်တို့ တင်ပြပြီးတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ မှာတင် ရမယ်ဖြစ်ပါတယ်။ အဲဒီတော့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ကျွန်တော်တို့ ဒီဟာကိုပေးမယ် ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ပထမမေးခွန်း။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ဖာပွန်မြို့မှာရှိတဲ့ ခုတင်(၁၀၀) ဆေးရုံကြီးမှာ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများအနက် အရိုးအထူးကုနှင့် သားဖွားမီးယပ်ကို တောင်းဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို ပြန်လည်သုံးသပ်ပါတယ်။ သုံးသပ်တဲ့အခါမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဆရာဝန်မှာဆိုရင် လက်ထောက်ဆရာဝန်ဟာ(၁၈)ဦးရှိတဲ့နေရာမှာလည်း (၂)ဦးပဲရှိတာ တွေ့ရပါတယ်။ နောက် ကျန်တဲ့ အပိုင်း ဆေးပညာ၊ ခွဲစိတ်၊ ကလေး၊ မေ့ဆေး၊ ဓာတ်မှန်၊ အရိုး စတာမရှိပါဘူး။ အဲဒီတော့ ကျွန်တော်က ချက်ခြင်းပဲ၊ မနေ့ကပဲ ကျွန်တော် အမိန့်စာ ထုတ်လိုက်ပါတယ်။ ဒီ M.Sc (OG) ပေါ့။ သားဖွားနဲ့ မီးယပ်အထူးကုကို မနေ့ကပဲ အမိန့်စာ ထုတ်လိုက်ပါတယ်။ ဖာပွန်မြို့ကို ပြောင်းရွှေ့ဖို့ (၁)ဦး။ နောက်တစ်ခါ Ortho ပေါ့။ M.Sc (Ortho) အရိုးခွဲစိတ်အထူးကုကိုလည်း မနေ့ကပဲ အော်ဒါထုတ်လိုက်ပါတယ်။ ဒီ(၂)ယောက်သွားမှာပါ အထူးကု။

ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့အနေနဲ့က အမှန်ကတော့ ခုတင်(၁၀၀)ဆိုလို့ရှိရင် အထူးကုက(၉)မျိုးလောက် ရှိရမှာပါ။ ကျွန်တော်တို့က မပေးချင်သေးဘူးဆိုတာ ကျွန်တော်တို့ ဒီအခုအစိုးရလက်ထက်က (၂)နှစ်ပဲရှိပါတယ်။ ဒီအထူးကုတွေ ထုတ်ဖို့ဆိုလို့ရှိရင် အနည်းဆုံး(၂)နှစ် သို့မဟုတ် (၃)နှစ်ကြာတယ်။ အောင်ပြီးလို့ရှိရင်လည်း (၁)နှစ်ထပ်ပြီးတော့ ဆေးရုံကြီးတွေမှာ Experience ရအောင် ထပ်ခိုင်းပြီးတော့မှ နယ်ကိုပို့ပါတယ်။ အဲဒီတော့ ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ဘာသွားတွေ့လဲဆိုရင် တစ်နှစ် တစ်နှစ်ကို၊ ဒီနှစ်မှာ ကျွန်တော်တို့က ၂၀၁၈ ခုနှစ်မှာ ထွက်လာမယ့် အထူးကုပေါင်းကတော့(၇၄၁)ဦး အကုန်လုံးက Master Level ပါ။ Ph.D Level မပါသေးပါဘူး။ ၂၀၁၉ ခုနှစ်မှာတော့ (၉၄၂)ဦး ထွက်ပါမယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ (၈၄၇)ဦးထွက်ပါမယ်။ ဆိုလိုတာက ဒီထွက်လာတဲ့ အထူးကုဆရာဝန်ကြီးများသည် ကျွန်တော်တို့က နယ်တွေကို အကုန်ပို့ပေးမှာဖြစ်ပါတယ်။ အဲဒီတော့ အခုလောလောဆယ်မှာတော့ နည်းနည်း ခဏတော့ သည်းခံသင့်ပါတယ်။ ကျွန်တော်တို့ ပေးမှာပါ။ အကုန်လုံးပေးမယ်။ အထူးသဖြင့် ဒီလို ခုတင်(၁၀၀)မှာ အထူးကုက (၉)မျိုးလောက်လိုတယ်။ (၉)မျိုးလိုတဲ့အခါမှာ အဓိကကတော့ ကျွန်တော်တို့ လိုတာက အရိုးနဲ့သားဖွားမီးယပ်ပါ။ ကျန်တဲ့ဆေးပညာအထူးကု မရှိသော်လည်းဘဲ တော်ရုံတန်ရုံဆရာဝန်တစ်ဦးသည် ဆေးပညာကို ကုလို့ရပါတယ်။ ဒီကလေး ရိုးရိုး A.S ပေါ့ လက်ထောက်ဆရာဝန်(၁)ဦးသည်လည်း ကလေးပညာတော့ ကုလို့ရသေးတယ်။ အရိုးနဲ့ကတော့ လုပ်လို့မရဘူး။ သားဖွားမီးယပ်ကလည်း သူ့ရဲ့ Speciality ဖြစ်တဲ့အတွက် မရပါဘူး။ လောလောဆယ်တော့ ကျွန်တော်တို့ (၂)ဦးကို ပေးလိုက်ပါတယ်။ ဆက်လက်ပြီးတော့လည်း ပေးမယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ဒီမှာတင်ပြတာကတော့ ကျွန်တော်တို့ လောလောဆယ် ဆရာဝန်(၂၀၀၀)ဦးခန့်ဖို့ကို အစိုးရအဖွဲ့ကလည်း သဘောတူထားပြီးပါပြီ။ ကျွန်တော်တို့နောက်ဆုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကို ပေးထားပါတယ်။ အဖြေရတာနဲ့ ကျွန်တော်တို့က (Union Civil Service Board) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တို့ဆီကို ပို့ပြီးတော့ ဆရာဝန်(၂၀၀၀)ဦးခေါ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ကျွန်တော့်အနေနဲ့ ဆရာဝန်တွေက ဝင်စေချင်ပါတယ်။ (၂)နှစ် သို့မဟုတ် (၃)နှစ် ဝင်ပြီးတော့၊ လုပ်ပြီးတော့ ပြန်ထွက်လို့လည်းရပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက မည်သည့်နိုင်ငံမှာမှ ကျွန်တော်တို့နိုင်ငံလို မပေးပါဘူး။ ဆရာဝန်တစ်ဦးဖြစ်ဖို့ ကျောင်းလခ တစ်လကို တစ်ဒေါ်လာကို မပေးရပါဘူး။ (၈၀၀)ကျပ်ပဲ တောင်းပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကတော့ အသစ်ဝင်တဲ့ဆရာဝန်တွေကို Request လုပ်ချင်တာကတော့ ဒီအနည်းဆုံး တိုင်းပြည်ကိုတော့ (၂)နှစ် သို့မဟုတ် (၃)နှစ်လောက် တာဝန်ထမ်းဆောင်မယ်ဆိုရင် ကျွန်တော်တို့ အခုလိုအပ်တဲ့ လက်ထောက်ဆရာဝန်တွေ အများကြီးကို ကျွန်တော်တို့ ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ အခု (၂၀၀၀)ဦးခန့်ပြီးလို့ရှိရင်လည်း ကျွန်တော်တို့ ထွက်ပေါ်လာမယ့်၊ ဆေးရုံကြီးတွေက ထွက်လာမယ့် ဆရာဝန်တွေ Experience ရှိတဲ့လူတွေကို ဒီလိုဆေးရုံတွေကို ကျွန်တော် ပို့ပါမယ်။ ဝင်ဝင်ချင်း ဆရာဝန်အငယ်တွေကိုတော့ ကျွန်တော်တို့က ဒီလိုဆေးရုံတွေကို မပို့ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခု အထူးကုဆရာဝန်(၂)ဦးကိုတော့ ပို့ပြီးဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ၏ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ရေနံချောင်းမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံမှာ အရိုး၊ အကြောဆရာဝန်၊ ခွဲစိတ်ဆရာဝန်နှင့် လိုအပ်လျက်ရှိသော ဆရာဝန်များကို ပေးဖို့ပါ။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ရေနံချောင်းမြို့ကတော့ မကွေးဆေးရုံကြီးနဲ့ (၃၂)မိုင်ပဲဝေးပြီးတော့ (၄၅)မိနစ်ပဲ သွားရပါတယ်။ ဆရာဝန်၊ မြို့နယ်ကျန်းမာရေးဦးစီး(၁)ဦးနဲ့ လက်ထောက်ဆရာဝန်(၆)ဦး ဖြစ်ပါတယ်။ လိုအပ်ချက်က ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ခုတင်(၅၀)ဆံ့ဆေးရုံတွေကို တစ်ပြည်လုံးမှာ အထူးကုဆရာဝန်တွေ မပေးသေးပါဘူးခင်ဗျား။ ခုတင်(၁၀၀)ကျမှသာလျှင် အထူးကုဆရာဝန်(၉)မျိုး ပေးပါတယ်။ အဲဒီတော့ ဒီမှာ အထူးကုဆရာဝန်တော့ ပေးလို့မရပါဘူး။

သို့သော်လည်း ကျွန်တော်တို့က ဘာပြန်စဉ်းစားနေလဲဆိုတော့ ခုတင်(၅၀)ရှိသော်လည်း သူ့ရဲ့ Catchment ဧရိယာပေါ့။ သူ Serve လုပ်တဲ့ ဒီဧရိယာကြီးကကြီးပြီးတော့ လူဦးရေများမယ်ဆိုရင်တော့ အနည်းဆုံးတော့ ကျွန်တော်က အရိုးပေါ့။ အရိုးနဲ့သားဖွားမီးယပ်ကိုတော့ ကျွန်တော် စဉ်းစားနေပါတယ်။ ဒါအဓိကလိုအပ်ချက် ဖြစ်ပါတယ်။ လောလောဆယ်ကတော့ ကျွန်တော်တို့ မူအရကတော့ ခုတင်(၅၀)ကို အထူးကုဆရာဝန်မပေးပါဘူး။ သို့သော်လည်း မနေ့ကပဲထပ်ပြီးတော့ လက်ထောက်ဆရာဝန်(၁)ဦးပေးဖို့ ကျွန်တော်တို့ အော်ဒါထုတ်လိုက်ပါတယ်။ ဒီမကွေးဆေးရုံက လက်ထောက်

ဆရာဝန်တစ်ယောက်ကို ရေနံချောင်းကို ပို့လိုက်ပါတယ်။ နောက်မကြာခင်မှာပဲ ဒီ(၂၀၀၀)ဦးကို ခန့်လို့ရတယ်ဆိုရင်တော့ ဒီ(၂၀၀၀)ဦးထဲကလည်း ကျွန်တော်ပေးမယ်ဆိုတာကို ကျွန်တော် ကတိပေးပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီလောက်ပဲ ဖြေခွင့်ပေးပါ။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ**။ 　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်အုပ်စု၊ မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ**။ 　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်အုပ်စု၊ မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၃။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ 　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်ကျေးရွာအုပ်စု၊ မော်ဖျားကျေးရွာကို ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မော်ဖျားကျေးရွာဆိုလို့ရှိရင် ငန်းကျွန်းမြစ်နဲ့ နှမထွေးမြစ်တို့ဆုံရာ မြစ်ဝတွင်တည်ရှိပြီး ပင်လယ်ပြင်နှင့်ထိစပ်လျက်ရှိကာ အိမ်ခြေ(၁၃၀)နဲ့ လူဦးရေ(၆၀၀)ကျော်နေထိုင်လျက်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ဂီရိမုန်တိုင်းဒဏ်ကြောင့် လယ်သမားတာ(တာပေါင်)ကျိုးပေါက်သွားရာမှ အနိမ့်ပိုင်းတွင်ရှိသော အိမ်ခြေ(၅၀)ကျော်မှာ ဆားငန်ရေဝင်ပြီး ဒီရေတက်ချိန်တွင် ရေနစ်မြုပ်နေပါတယ်။ ရွာသားအများစုမှာလည်း ဆင်းရဲနွမ်းပါးပြီး တံငါသည်များဖြစ်ကြတဲ့အတွက် တာပေါင်ကိုပြန်လည်ဆည်ဖို့ရန် မစွမ်းဆောင်နိုင်ကြပါ။ ကလေးသူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများကို ရေပြည့်ချိန်များတွင် ကျောင်းတက်၊ ကျောင်းဆင်း မိဘများမှ လှေဖြင့်ကြိုပို့ပေးနေရတဲ့အတွက် စားဝတ်နေရေးအတွက် အခက်အခဲနဲ့ကြုံနေရပါတယ်။ ကျိုးပေါက်နေသော တာပေါင်အား ဒီရေမဝင်နိုင်အောင် ဆည်ဖို့ပေးရန်လိုအပ်လျက်ရှိနေပါတယ်။

တာပေါင်ကို ဆည်ဖို့ပေးမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများအတွက် မိဘများ လှေဖြင့် ကြိုပို့ရသည့်အလုပ်မှာ မလိုအပ်တော့ပဲ မိဘများအတွက်လည်း အလုပ်လုပ်ချိန် ပိုရလာမှာဖြစ် ပါတယ်။ စားဝတ်နေရေးလည်း စပါးစိုက်ပျိုးဧက(၃၆)ဧကကို စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် ဒီဒေသမှာ အမှန်တကယ် တာပေါင်ကို ဆည်ဖို့ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မော်ဖျားကျေးရွာအား ဆားငန်ဒီရေဝင်ရောက်နေမှုကို ကာကွယ်ပေးနိုင်ရန် ကျိုးပေါက်နေသောတာပေါင်အား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရွာသူရွာသားများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းရှိ ရေမပေးပို့ နိုင်တော့သော ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာများကို မူလယာမြေအဖြစ်သို့ နိုင်ငံတော်က ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းရှိ ရေမပေးပို့ နိုင်တော့သော ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာများကို မူလယာမြေအဖြစ်သို့ နိုင်ငံတော်က ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၆။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မန္တလေးတိုင်း ဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းမှာ ရေမပေးပို့နိုင်တော့ သော ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာများအား စိုက်ပျိုးမြေလုပ်ကိုင်နိုင်ရန် မူလယာမြေ အဖြစ်သို့ နိုင်ငံတော်မှ ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံညောင်ဦး မြို့နယ်အတွင်းမှာ ဧရာဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်း(၅)ခုဖြင့် ကျေးရွာပေါင်း(၂၆)ရွာရှိ လူဦးရေ (၂၅၀၀၀)ခန့်ကို သောက်သုံး၊ စိုက်ပျိုးအသုံးပြုရေအဖြစ် ဖြန့်ဝေပေးခဲ့ပါတယ်။ အဆိုပါ မြစ်ရေတင် (၅)ခုအနက် ပုဂံမြို့ လောကနန္ဒာဘုရားအနီးတည်ရှိသော လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းဟာ ၂၀၀၁- ၂၀၀၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန်လက်မ(၂၄) လက်မခန့် သာရှိသော မိုးနည်းဒေသဖြစ်သည့်အတွက် မြစ်ရေတင်လုပ်ငန်းဟာ ဒေသပြည်သူများအတွက် များစွာ အကျိုးရှိပါတယ်။ ရေအရင်းအမြစ်ဖြစ်သော ဧရာဝတီမြစ်ရေကို စက်အင်အား တစ်နာရီလျှင် ရေကုဗပေ (၈၆၀၀၀၀)ကျော် တင်ပို့နိုင်သော ပင်မရေတင်စခန်းနှင့် ထပ်ဆင့်ရေတင်စခန်း(၆)ခုတို့ဖြင့် အမြင့်ပေ

(၃၀၀)အထိ တင်ပို့ဖြန့်ဝေခဲ့ပါတယ်။ ပင်မမြောင်းအရှည် (၅.၇၇)မိုင်၊ လက်တံမြောင်းအရှည် (၂၉.၇၃)မိုင် တို့ဖြင့် ဖြန့်ဝေရေသောက်စနစ်တည်ဆောက်ကာ ကျေးရွာပေါင်း(၉)ရွာတို့၏ လယ်ယာမြေများ ပေးသွင်း ရေနှင့် လူဦးရေပေါင်း (၇၈၀၉)ဦးအပြင် ဆိတ်၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ (၁၃)ကန်တို့ကို တစ်နှစ်လျှင် ရေဂါလံ(၆၄.၈၅)သန်း ဖြန့်ဝေခဲ့ပါတယ်။

ရေစတင်ဖြန့်ဝေခဲ့သည့်နှစ်မှ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ပုဂံခေတ်ကတည်းက တည်ရှိခဲ့သော တူရွင်းတောင်ခြေရှိ မြကန်တော်ကြီးအထိ ဤမြစ်ရေတင်မှ ရေပို့နိုင်ခဲ့ပါတယ်။ မူလလျာထားစီမံကိန်း ဧရိယာသည် စိုက်ဧက(၁၁၀၀၀)ဧက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိစစ်အကျိုးပြုဧကမှာ (၇၂၀၀)ဧကသာရှိကြောင်း သိရှိရပါတယ်။ အမှန်တကယ် ရေသွင်းစိုက်နိုင်မှုမှာ မိုးအခါမှာ (၂၅၂၀)ဧက၊ ဆောင်းမှာ (၁၅)ဧက၊ နွေကာလမှာ (၆၃၀)ဧက စုစုပေါင်း (၃၁၆၅)ဧကသာ ရေသွင်းစိုက်ပျိုးနိုင်သည်ဟု သိရှိရပါတယ်။ နွေ၊ မိုး၊ ဆောင်း ရေမရောက်တော့တဲ့ လယ်ယာမြေများကို ရိုးရာဓလေ့အတိုင်း မိုးသီးနှံ စိုက်ပျိုးနိုင်ကြသော်လည်း ရေမပေးပို့နိုင်တော့သော ပင်မမြောင်း၊ လက်တံမြောင်းများနှင့် ရေသွယ် မြောင်းများ တည်ဆောက်ရန် ပေါင်ကုတ်တင်ပေးခဲ့ရတဲ့ ဘေးနှစ်ဖက် မြေဧရိယာများကို မူလယာမြေ စိုက်ဧကအဖြစ် ဒေသတောင်သူများက အသုံးပြုစိုက်ပျိုးလိုကြပါတယ်။ ခွင့်ပြုချက်ရသည့်တိုင် ဒေသ တောင်သူများကိုယ်တိုင် လုပ်အားဖြင့် ၎င်းမြောင်းများကို ယာမြေစိုက်ဧကအဖြစ် ပြန်လည်ပြုလုပ် နိုင်စွမ်းမရှိပါ။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်အတွင်း လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းမှာ ရေမပေးပို့နိုင်တဲ့ ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာများအား မူလယာမြေ အဖြစ်သို့ နိုင်ငံတော်မှ ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသတောင်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၀။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ရခိုင် ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်အုပ်စု၊ မော်ဖျားကျေးရွာမှာ ဆားငန်ဒီရေ ဝင်ရောက်မှု ကြောင့် ရေနစ်မြုပ်ခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စား ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်ကျေးရွာအုပ်စု၊ မော်ဖျားကျေးရွာ ဟာဆိုရင် ငန်းကျွန်းမြစ်နဲ့ နှမထွေးမြစ်ဆုံရာ ပင်လယ်ဝမှာတည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ မော်ဖျား

ကျေးရွာကို ဆားငန်ဒီရေ ဝင်ရောက်လို့ ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ဖို့အတွက် တာအလျားပေ (၆၅၀၀)ခန့် ဆည်ဖို့ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါ ဆားငန်ဒီရေကာကွယ်မယ့် မော်ဖျားကျေးရွာတာ ကာရီတာဟာ ကျောက်ဖြူမြို့နယ်၊ ဘောမကမ်းထောင့် လယ်သမားတာနဲ့ တစ်ဆက်တည်းဖြစ်ပါတယ်။ ဒါကြောင့် မော်ဖျားကျေးရွာ ကာရီတာပြုပြင်ခြင်းလုပ်ငန်းကို ဘောမကမ်းထောင့် လယ်သမားတာ ကာရီတာပုံစံကျ ပြုပြင်ခြင်းနှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးသွားနိုင်ဖို့အတွက် စီစဉ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဘောမကမ်းထောင့် လယ်သမားတာ အလျားပေ(၁၁၅၀၀)နှင့် မော်ဖျားကျေးရွာ ဆားငန်ဒီရေ ကာကွယ်တာ အလျားပေ(၆၅၀၀)၊ စုစုပေါင်းတာ အလျားပေ (၁၈၀၀၀)ပြုပြင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်အစိုးရရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းစာရင်းမှာ ထည့်သွင်း ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဘောမကမ်းထောင့် လယ်သမားတာကာရီမှာ (၅x၆)ပေ (၃)ပေါက် ကွန်ကရစ်ရေတံခါး(၁)လုံး တည်ဆောက်ခြင်းနှင့် တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းတို့ အတွက်လည်း စုစုပေါင်းရန်ပုံငွေ ကျပ်သန်း(၄၀၀) တင်ပြတောင်းခံထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်တဲ့ အတွက် အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ရရှိမှု အပေါ်မှာ အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ လောကနန္ဒာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှာရှိတဲ့ ရေမပေးပို့နိုင်တော့သော ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာတွေကို မူလယာမြေ အဖြစ်သို့ နိုင်ငံတော်က ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ဆက်လက် ရှင်းလင်း ဖြေကြားသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၀၅-၂၀၀၆ မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ စီမံကိန်းတည်ဆောက်စဉ် ကာလအတွင်းမှာပဲ ဆောင်ရွက်ပြီးစီးတဲ့ အပိုင်းအလိုက် စိုက်ပျိုးရေ ပေးဝေခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းများ အားလုံးတည်ဆောက်ပြီးချိန် မှာတော့ ရေတင်ရတဲ့အဆင့် (၇)ဆင့်အထိ နှစ်အလိုက် စိုက်ပျိုးသီးနှံတွေကို ရေပေးဝေခဲ့တဲ့အပြင် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက်ကိုပါ အထောက်အကူပြုအောင် ဆောင်ရွက်ပေးနိုင် ခဲ့ပါတယ်။ အလားတူ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့အတွက် မြေကန်ဆည်ရေကူဖြည့်ပေးခြင်းလုပ်ငန်း ကိုလည်း ၂၀၀၆ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ဆောင်ရွက်ပေးခဲ့ပါတယ်။ လောကနန္ဒာ လျှပ်စစ် မြစ်ရေတင်လုပ်ငန်းကို မူလစီမံကိန်းတည်ဆောက်စဉ် စီမံကိန်းဧရိယာ လျာထားတဲ့အခါမှာ ကွန်တို အနိမ့်အမြင့်အရ ခြုံငုံလျာထားဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ အမှန်မြေပြင်မှာ ကုန်းမြင့်မြေ၊ ကန္တာရ တောမြေ၊ ချောင်းခြား၊ မြောင်းခြားမြေ စသည့် အနေအထားများ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ်မှာ သက်ဆိုင်ရာ ဌာနများပါဝင်တဲ့ ရေသောက်စနစ်များ ပြန်လည်စိစစ်ကြီးကြပ်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အဆိုပါအဖွဲ့ရဲ့ ကွင်းဆင်း စစ်ဆေးချက်အရ စီမံကိန်း မူလလျာထားဧက(၁၁၀၀၀)အနက် အမှန်ရေပေးဝေနိုင်မယ့် ဧရိယာဧက ဟာ (၇၂၀၀)ဖြစ်ကြောင်း အတည်ပြုသတ်မှတ် ဆောင်ရွက်ခဲ့ပါတယ်။ လောကနန္ဒာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းအနေနဲ့ သီးနှံရာသီအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေလျက်ရှိရာမှာ ယခုနှစ် နွေ၊ မိုး သီးနှံဧက (၁၀၄၈)ဧကနှင့် ကျေးရွာ(၁၁)ရွာ၊ လူဦးရေ(၇၈၀၀)ကျော်အတွက် စိုက်ပျိုးရေနှင့် သောက်သုံး ရေများ ပေးဝေလျက်ရှိပါတယ်။ စိစစ်ပြီးဧက (၇၂၀၀)အပြည့်အဝရေပေးနိုင်ဖို့အတွက် စက်မှု၊ လျှပ်စစ်နှင့် မြို့ပြပိုင်းဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများ နှစ်အလိုက်လျာထား ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းရဲ့ မူလလျာထားဧကအပေါ် စိစစ်လျှော့ချခဲ့တဲ့ ဧက(၃၈၀၀)ဧရိယာအတွက် ဖောက်လုပ်ထားရှိတဲ့ လက်တံမြောင်း DY-4L ပေ(၁၅၀၀၀) အနက်ကနေ ပေ(၆၉၀၀)၊ လက်တံမြောင်း DY-5L ပေ(၁၃၇၀၀)အနက်ကနေ ပေ(၈၂၀၀)၊ DY-5R ပေ(၂၄၀၀၀)အနက်မှ ပေ(၁၉၂၀၀)၊ DY-6L ပေ(၁၄၅၀၀)အနက်မှ ပေ(၈၅၀၀)နဲ့ DY-6R ပေ(၂၄၀၀၀) အနက်မှ ပေ(၂၀၃၀၀)ပေ၊ စုစုပေါင်းပေ (၆၃၁၀၀)ပေအပေါ် ပြန်လည်ဖျက်သိမ်းပြီးတော့ မြေပြင်နှင့် အနီးစပ်ဆုံးဖြစ်အောင် ပြန်လည်မြေညှိပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေပေး မြောင်းများ ပြန်လည်မြေညှိပြုပြင်နိုင်ခြင်းအားဖြင့် တောင်သူပိုင်မြေဧက (၁၃၀)ပြန်လည်ပေါ်ထွက်လာ မှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိစစ်လျှော့ချမယ့်ဧက (၃၈၀၀)အတွက် ရေပေးမြောင်း ပေ(၆၃၁၀၀)ဖျက်သိမ်းခြင်းနဲ့ မြေညှိပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းများကို ယခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော် ပေးသွားမှာဖြစ်ပါတယ်။ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမယ်ဆိုရင် ထွက်ပေါ်လာမယ့် မြေဧက (၁၃၀)ကို မူလပိုင်ရှင် တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွား နိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ

ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၆။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းအပေါ် မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ - ၁)၁/၂၀၁၈ - ၃၆၉

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန်လ ၁၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို ၁၁-၆-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး က ၁၅ - ၆ - ၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းနေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ (၂)၊ (၃)ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့် ကြောင်းလေ့လာတွေ့ရှိရပါသည် -

(ခ)။ နာယကအဖွဲ့သည် အောက်ပါအတိုင်း ကောင်စီကို ကောင်စီဝင် (၃၅)ဦးဖြင့် ဖွဲ့စည်းရမည်-

(၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါမောက္ခချုပ်(၂)ဦး၊ ပါမောက္ခ သို့မဟုတ် ဌာနမှူး(၂)ဦးနှင့် ဦးစီးအရာရှိအဆင့်အောက်မနိမ့်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်(၁)ဦး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုသည့် အငြိမ်းစား ပါမောက္ခချုပ်(၂)ဦး၊ အငြိမ်းစားပါမောက္ခ သို့မဟုတ် ဌာနမှူး(၂)ဦး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ကိုယ်စားလှယ်(၁)ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်(၁)ဦး၊

(၂) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီးရွေးချယ်သည့် အသက်(၃၅)နှစ်အောက် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်(၂)ဦး၊

(၃) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များက ဆန္ဒမဲပေးပြီးရွေးချယ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်(၇)ဦး၊

(ခ) ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၄၊ အပိုဒ်ခွဲ(င)၏ အောက်တွင် အပိုဒ်ခွဲ(စ)အဖြစ် ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ် ၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂) နှင့် (၃) တို့တွင် ပါရှိသော ကောင်စီဝင် ဆိုသည့် စကားရပ်ကို ကောင်စီဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂) ပါ ပြဋ္ဌာန်းချက်မှအပ ဖြစ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်သက်တမ်း အနည်းဆုံး ၁၅ နှစ်ရှိသူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ်ကျင်းပရမည် ဆိုသည့် စကားရပ်ကို ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ်ကျင်းပရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈ ၏ အောက်တွင် အပိုဒ် ၁၉ အဖြစ် ကောင်စီသည် မိမိ၏ရန်ပုံငွေမှ ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ်

ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသောမြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၂။**

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ -

အပိုဒ် ၂(ဍ)(ဏ)၊ အပိုဒ် ၄(က)(ခ)(ဃ)(စ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဍ)(ဏ)၊ အပိုဒ်၄(က)(ခ)(ဃ)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၆(က)(၂)(၃)၊ အပိုဒ် ၆(ခ)(၂)၊ အပိုဒ် ၇(ဇ)၊ အပိုဒ် ၈(က)(၆)၊ အပိုဒ် ၈(င) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(က)(၂)(၃)၊ အပိုဒ် ၆(ခ)(၂)၊ အပိုဒ် ၇(ဇ)၊ အပိုဒ် ၈(က)(၆)၊ အပိုဒ် ၈(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၂၊ အပိုဒ် ၁၉၊ အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၄၁၊ အပိုဒ် ၅၃ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၉၊ အပိုဒ် ၂၇(ဂ)၊အပိုဒ် ၄၁၊ အပိုဒ် ၅၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းတစ်ရပ်လုံးမှာပါရှိတဲ့ သွားဘက်ဆိုင်ရာသူနာပြု ဆိုတဲ့ စကားရပ်ရဲ့ နောက်မှာ သွားနှင့်ခံတွင်း

ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ ဆိုတဲ့ စကားရပ်ကို ဥပဒေကြမ်းတစ်ရပ်လုံးမှာ အသစ်ဖြည့်စွက်ထားပါတယ်။ ဒီ အသစ်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၈(ခ)ကိုတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကြီးက ဒီနေ့ ဆောင်ရွက်ပြီးသွားတဲ့ ပြင်ဆင်ဖြည့်စွက်ချက်တွေမှအပဖြစ်တဲ့၊ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈ - ၃၇၀

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ၄-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဖိတ်ကြားထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၃-၆-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပေါ်၌ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ မြန်မာစာရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဖိတ်ကြားထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၂-၆-၂၀၁၈ (သောကြာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၄း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]